# ရှင်ယောဟန်
# ဩဝါဒစာတတိယစောင်။

1 အသက်ကြီး သူ သည် ချစ် အပ်သော ဂါယု ကို
ကြားလိုက်၏။ ငါ သည်သင်၌ မှန်ကန် သောချစ် ခြင်း
မေတ္တာရှိ၏။ 2 အချင်းချစ်သူ ၊ သင် ၏စိတ် နှလုံးသည်
ကောင်းစား သကဲ့သို့ ၊ သင် သည်အရာရာ ၌ကောင်းစား
ခြင်းနှင့်
ကျန်းမာ ခြင်းရှိမည်အကြောင်း
ငါဆုတောင်း ၏။ 3 သင် သည်သမ္မာတရား ၌
ကျင်လည် သည်အတိုင်း
သင် ၌ရှိသောသမ္မာတရား ၏အကြောင်းကို ညီအစ်ကို
တို့သည်လာ ၍
သက်သေခံ ကြ သောအခါ ၊ ငါ သည် အလွန်
ဝမ်းမြောက် ခြင်း ရှိ၏။ 4 ငါ ၏သားသမီး တို့သည်
သမ္မာတရား
၌
ကျင်လည် သည်ကို ငါကြား ၍ ဝမ်းမြောက် ခြင်းထက်
သာ၍
ဝမ်းမြောက်ခြင်းမ ရှိ ။ 5 အချင်းချစ်သူ ၊ သင်သည်
ညီအစ်ကို တို့အားၾင်း၊ အာဂန္တု
တို့အားၾင်း ပြု သမျှသောဝတ်တို့ကို သစ္စာ

နှင့် အညီ ပြု တတ်၏။ 6 ထို သူ တို့သည် သင်
၏ချစ် ခြင်းမေတ္တာအကြောင်းကို အသင်းတော် ရှေ့ ၌
သက်သေခံ ကြ၏။ သင်သည်ထိုသူ တို့ကို ဘုရားသခင်
၏ အလိုတော်နှင့်အညီပို့ လိုက်ပြန်လျှင်၊ ကောင်း သော
အမှုကိုပြု လိမ့်မည်။ 7 အကြောင်းမူကား ၊ ထိုသူတို့သည်
နာမ
တော်ကိုထောက် ၍၊ သာသနာပ
လူတို့တွင်
အလှူ မ ခံဘဲသွား ကြ၏။ 8 ငါ တို့သည် သမ္မာတရား
ကို ကူမ
သောသူ ဖြစ် အံ့သောငှာ ၊ ထိုသို့သော
သူ တို့ အား ဧည့်သည် ဝတ် ကို ပြု အပ် ကြ၏။
9 အသင်းတော် ထံသို့မှာစာကိုငါရေး ၍ ပေးလိုက်လေပြီ။
သို့သော်လည်း ၊ အကဲအမှူး လုပ်ချင်သော ဒယောတရပ်
သည် ငါ တို့အားအခွင့် မ ပေး။ 10 ထိုကြောင့် ၊ ငါလာ
သောအခါ သူသည် မိမိပြု သော အမှု ကို မိမိ
သတိရ စေခြင်းငှာငါပြုမည်။ ထိုသူ သည်၊ ငြူစူ သော
စကား နှင့် ငါ တို့ကို ကဲ့ရဲ့
သည်သာမက ၊ ကဲ့ရဲ့
ခြင်းနှင့်
စိတ် မ ပြေဘဲလျက်၊ ညီအစ်ကို တို့ကို ကိုယ်တိုင် လက်
မ ခံ၊ လက်ခံ ချင်သောသူ တို့ကိုလည်း
မြစ်တား ၍ ၊ အသင်းတော် ထဲက နှင်ထုတ် တတ်၏။

11 အချင်းချစ်သူ ၊ မကောင်း သောနည်းကို မ
လိုက် နှင့်၊ ကောင်း သောနည်းကိုသာ လိုက်လော့။
ကောင်းသောအကျင့်ကို ကျင့် သောသူ သည် ဘုရားသခင်
နှင့်စပ်ဆိုင် ၏ ။ မကောင်းသောအကျင့်ကို ကျင့် သောသူ
မူကား၊ ဘုရားသခင် ကို မ
သိ မမြင်ရပြီ။ 12 လူအပေါင်း တို့သည် ဒေမေတရိ
၏ သက်သေ ဖြစ်ကြ၏။ သမ္မာတရား
သည်လည်း
သူ ၏ သက်သေဖြစ်၏။ ငါ တို့သည်လည်း
ထိုသူဘက်၌ သက်သေခံ ကြ၏။ ငါ တို့၏ သက်သေခံ
ခြင်းသည် ဟုတ် မှန် သည်ကို သင်တို့ သိ ကြ၏။ 13 ငါ
ရေး စရာအကြောင်းအများ ရှိသော်လည်း ၊ မှင် နှင့်
မှင်တံ ဖြင့်
ရေး ခြင်းငှာအလို မ ရှိ၊ 14 မ ကြာမမြင့်မှီသင့် ကို ငါတွေ့
မြင် လျှင်
အချင်းချင်း နှုတ်ဆက်၍ စကားပြော မည် ဟု
မြော်လင့် လျက် နေ၏။ သင် ၌ငြိမ်သက် ခြင်းရှိပါစေ
သော။ အဆွေ တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။
သင်၌ရှိသောအဆွေ တို့၏ နာမည် ကို ထုတ် ၍နှုတ်ဆက်
လော့။

# မြန်မာကျမ်းစာ
# The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-02-15

PDF generated using Haiola and XeLaTeX on 21 Feb 2024 from source files dated 15 Feb 2024
5602fb7e-6c4f-5434-acb0-8e67903ea45f